# ဗုံးပေါက်ကွဲမှုများကြောင့် ဆီးဂိမ်းလုံခြုံရေး ထိခိုက်ရန် စိုးရိမ်စရာမလိုဟု အိုလံပစ် အတွင်းရေးမှူး ဖွင့်ဟ

သတင်းရင်းမြစ် > သောကြာ
သောကြာနေ့၊ အောက်တိုဘာလ ၂၅ ရက် ၂၀၁၃ ခုနှစ် ၁၂ နာရီ ၃၃ မိနစ်

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေတွဲဖက်အတွင်းရေးမှူး ဦးခင်မောင်လွင်က လက်ရှိမြန်မာနိုင်ငံတွင် ဖြစ်ပျက်
နေသည့် ဗုံးပေါက်ကွဲမှုများကြောင့် အိမ်ရှင်အဖြစ် ကျင်းပမည့် ဆီးဂိမ်းလုံခြုံရေးအား
ထိခိုက်စေမည်မဟုတ်ကြောင်း မဖွံ့မသို့ ပြောသည်။

ပြီးခဲ့သည့် ရက်ပိုင်းများတွင် ရန်ကုန်နှင့် မန္တလေးအစရှိသည့် မြို့များတွင် ဗုံးလန့်မှု နှင့် ဗုံးပေါက်ကွဲမှုများ ဖြစ်ပေါ်ခဲ့ပြီး ဆီးဂိမ်းပြိုင်ပွဲဝင်မည့် နိုင်ငံများမှ အဆိုပါကိစ္စနှင့် ပတ်သက်၍ အနည်းငယ် ထိတ်လန့်နေကြ သည်။ ဦးခင်မောင်လွင်က "လုံခြုံရေးက အရမ်းအရေးကြီးပါတယ်။ နိုင်ငံအနေနဲ့လည်း မျက်နှာမပျက်ရဘဲ အောင်အောင်မြင်မြင်နဲ့ ကျင်းပနိုင်ဖို့ လိုပါတယ်။ အထူးသဖြင့် ဒီဗုံးပေါက်ကွဲမှုတွေက ပြည်တွင်းက ဖြစ်စေ၊ ပြည်ပကဖြစ်စေ လုံးဝလက်ခံနိုင်တဲ့ အနေအထား မရှိပါဘူး။ ပြိုင်ပွဲဝင်တွေရဲ့ လုံခြုံအေးချမ်းသာယာဖို့ ပြိုင်ပွဲ မှာ အနှောင့်အယှက်မရှိ ယှဉ်ပြိုင်နိုင်ဖို့က မြန်မာနိုင်ငံရဲ့ တာဝန်ပါ။ ဒီပွဲလုံခြုံရေးအတွက် သက်ဆိုင်ရာ အကြီးအကဲတွေက ထိပ်တန်းဦးစားပေး အနေနဲ့ ဆောင်ရွက်နေတာဖြစ်တဲ့ အတွက် ဒီကိစ္စနဲ့ပတ်သက်ပြီး သိပ်ပြဿနာမရှိလောက်ဘူးလို့ ထင်ပါတယ်"ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၇ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဒေသတွင်း
နိုင်ငံ ၁၁ နိုင်ငံမှ အုပ်ချုပ်/နည်းပြ၊ အားကစားသမားစုစုပေါင်း ၂၀,၀၀၀ ခန့် လာရောက်မည်ဖြစ်ကြောင်း ခန့်မှန်းထား သည်။ လက်ရှိအချိန်တွင် ဒေသတွင်းနိုင်ငံများ ပါဝင်သည့် ဆီးဂိမ်းအကြို အားကစားပြိုင်ပွဲ ၁၉ ခုအား မြန်မာနိုင်ငံ၌ ကျင်းပပြီးစီးခဲ့ပြီ ဖြစ်သည်။ (function(d, s, id) { var js, fjs = d.getElementsByTagName(s)[0]; if (d.getElementById(id)) return; js = d.createElement(s); js.id = id; js.src = "//connect.facebook.net/en_US/all.js#xfbml=1"; fjs.parentNode.insertBefore(js, fjs); }(document, 'script', 'facebook-jssdk'));
Post by Mizzima - News in Burmese

.